


ပုံစံ(၂-ခ)

တ/သုဒ္ဓိ သမာဓိနှင့် ပြည့်စုံနေသော ဦးသူတော်သည် တ/ဘဝင်၌ အရှုဉာဏ်ဖြင့် တည်နေစဉ် ၎င်း၏ရှေ့၌ သားဖြစ်သူ မောင်လှရောက်ရှိလာသည်ကို အကြောင်းခံ၍ ဝိပဿနာရှုမြင်ပုံကို နမူနာယူ၍ သရုပ်ပြ ရှင်းပြထားခြင်း ဖြစ်သည်။

အပိုင်း(က)သည် ပြင်ပမောင်လှ၏ အဆင်းကို ဖော်ပြထားခြင်းဖြစ်သည်။

အပိုင်း(ခ, ဂ, ဃ, င)တို့သည် ဦးသူတော်၏ ခန္ဓာဖြစ်သည်။ ထိုတွင် အပိုင်း(ခ) အခံဓာတ်၌ စက်ဝိုင်းပုံသဏ္ဍာန်သည် ဦးသူတော်၏ သသမ္ဘာရစက္ခု (မျက်လုံး) ဖြစ်သည်။ ထိုသသမ္ဘာရ စက္ခုအတွင်း အမှတ်(၁)မြှားဖြင့် ညွှန်ပြထားသောနေရာသည် စက္ခုပသာဒဖြစ်သည်။ အမှတ်(၂)မြှားဖြင့် ညွှန်ပြထားသော စက်ဝိုင်းအတွင်းရှိ ပုံရိပ်သည် ပြင်ပမောင်လှ၏ အဆင်းပုံရိပ် ဦးသူတော်၏ စက္ခုပသာဒ၌ ထင်နေပုံကို ပြထားခြင်း ဖြစ်သည်။ အမှတ်(၃)မြှားသည် စက္ခုဝိညာဏ်ကို ညွှန်ပြသော မြှားဖြစ်သည်။ စက္ခုဝိညာဏ်နှင့် ရူပါရုံသည် တထပ်တည်းတူနေသဖြင့် မြှားခေါင်းတစ်ခုတည်းဖြင့် ပြထားသည်။

အပိုင်း(င) အတွင်းအပေါ်ဓာတ် စက်ဝိုင်းမှ အပိုင်း(ခ) အခံဓာတ်ရှိ အမှတ်(၂)ရူပါရုံ, အမှတ်(၃) စက္ခုဝိညာဏ်သို့ အစက်ပြမျဉ်း(က)ဖြင့် ဆွဲပြထားခြင်းသည် ဦးသူတော်၏ အရှုဉာဏ် သဟိတ်မနောဝိညာဏ်သည် ရုပ်နာမ် ပိုင်းခြားမြင်နေပုံကို ညွှန်းပြထားခြင်းဖြစ်သည်။

**စက္ခုပသာဒ၌ ရူပါရုံနှင့် စက္ခုဝိညာဏ်ကို အရှုဉာဏ်ဖြင့် ပိုင်းခြားမြင်ရပုံသဘော**

**ဥပမာ။** ။အိမ်ရှင်မတစ်ယောက်သည် ချဉ်ရည်ဟင်း၏ သဘောကိုသိလိုသော် အနည်းငယ်မျှ လျှာပေါ်တင်၍ အရသာခံသည်။ ထိုချဉ်ရည်ဟင်းထဲ၌ အရသာခြောက်ပါးတို့သည် ရေထဲ၌ ပျော်ဝင်၍ တသားတည်း ကိန်းနေသည်။ ၎င်းချဉ်ရည်ဟင်းထဲ၌ အပေါ့အငန်ကိုသိလိုသော် ရသာဂုဏ်ထဲမှ ငန်သဘောဓာတ် လွန်ကဲလျှင် ငန်သဘောဓာတ် တစ်ခုတည်းသက်သက်ကိုလည်းကောင်း၊ အငန်နည်း၍ ပေါ့နေလျှင် ထိုအငန်နည်းမှု သဘောသက်သက်ကိုလည်းကောင်း၊ အချဉ်ဓာတ်များလျှင် များနေသည့်သဘောသက်သက်ကို လည်းကောင်း၊ အစပ်များလျှင် အစပ်များမှုသဘောသက်သက်ကိုလည်းကောင်း၊ အစပ်နည်းလျှင် အစပ်နည်းမှုသဘော

သက်သက်ကိုလည်းကောင်း၊ ဉာဏ်ဖြင့်ခွဲခြားကာ ပိုင်းခြား၍ သိလို့ရသည်။ ရသာစာတ်များ တသားတည်း ရောနေသော်လည်း ဉာဏ်သည် တစ်ခုစီကို ပိုင်းခြား၍ သိလို့ရသည်။

ထိုနည်းအတူပင် တတိယအဆင့် စိတ္တဝိသုဒ္ဓိနှင့် ပြည့်စုံသော ဦးသူတော်၏ အရှုဉာဏ်သည် စက္ခုပသာဒ၌ တသားတည်းကဲ့သို့ တည်ရှိနေပြီး မသိသဘောဆောင်သည့် အဆင်းရူပါရုံသဘော သက်သက်ကိုလည်းကောင်း (ကာယာနုပဿနာသတိပဋ္ဌာန်)၊ သိသဘောဆောင်သည့် စက္ခုဝိညာဏ်သဘော သက်သက်ကိုလည်းကောင်း ဉာဏ်ဖြင့် ထိုရုပ်နာမ်နှစ်မျိုးကို မရောယှက်ပဲ ပိုင်းခြားမြင်ရသည်။[၁] (နာမရူပ ပရိစ္ဆေဒဉာဏ်)

ဤကဲ့သို့ စက္ခုပသာဒ၌ ရူပါရုံသဘော သက်သက်ကိုလည်းကောင်း၊ စက္ခုဝိညာဏ်(နာမ်) သဘောသက်သက်ကိုလည်းကောင်း၊ ပိုင်းခြား၍ သိသောအပိုင်း(င) အပေါ်ခတ် အရှုဉာဏ် သဟိတ်မနောဝိညာဏ်ကို "နာမရူပပရိစ္ဆေဒဉာဏ်" (နာမ်ရုပ်ကိုပိုင်းခြား၍သိသောဉာဏ်)ဟုခေါ်သည်။[၂]

"**စက္ခုဉ္စ ပဋိစ္စ ရူပေ စ ဥပ္ပဇ္ဇတိ စက္ခုဝိညာဏံ တိဏ္ဏံ သင်္ဂတိ**" – အရ ထိုကဲ့သို့ စက္ခုပသာဒနှင့် ရူပါရုံ စက္ခုဝိညာဏ်တို့သည် တစ်နေရာတည်း၌ တွေ့ဆုံခြင်း အကြောင်းတရားကြောင့် တိဏ္ဏံ သင်္ဂတိ ဖဿော–အရ အပိုင်း(ဂ) အတွင်းအတိုက်ခတ်သည် အပိုင်း(က)စက်ဝိုင်းမှ အပိုင်း(ဃ)စက်ဝိုင်း(ဘဝင်အကြည်)သို့ လျှပ်စီးလက်ဘိသကဲ့သို့ ပြေးတိုက်ပုံ စက္ခုသမ္ဖဿကို ဖြစ်စဉ်အမှတ်(၄)မြှားဖြင့် ရေးဆွဲပြထားသည်။ (ဖဿ၏ လက္ခဏာကို မီးခြစ်မှမီးပန်း ထွက်ပုံဥပမာဖြင့် ရှေး၌ရေးခဲ့ပြီ။)

အပိုင်း(င)အပေါ်ခတ်စက်ဝိုင်းမှ အပိုင်း(ဂ)အတွင်းအတိုက်ခတ် အမှတ်(၄)မြှားသို့ အစက်ပြ(ခ) မျဉ်းဖြင့် ညွှန်ပြထားခြင်းသည် ဦးသူတော်၏ အရှုဉာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြား၍ ရှုမြင်နေပုံကို ဖော်ပြထားခြင်း ဖြစ်သည်။

"**ဖဿ ပစ္စယာ ဝေဒနာ**"အရ (သဟိတ်မနောဝိညာဏ်၌ ဖြစ်နေပုံကို ရှုနိုင်သည်)

အပိုင်း(ဂ)အတွင်းအတိုက်ခတ် အမှတ်(၄)စက္ခုသမ္ဖဿနှင့်အတူ စက္ခုပသာဒရှိ ပုံရိပ်သည် ဓမ္မာရုံအဖြစ် ဘဝင်အကြည်သို့ ကျရောက်ခြင်းကြောင့် ဘဝင်အကြည်တွင် (၁) စက္ခုသမ္ဖဿ၏ ကိစ္စတစ်ရပ်၊ (၂) ရူပဓမ္မာရုံ၏ ကိစ္စတစ်ရပ် ဟူ၍ ကိစ္စနှစ်ရပ်အတွက် နာမ်ရုပ်ဖြစ်စဉ်နှစ်မျိုးတို့သည် မရှေးမနှောင်း တပြိုင်နက်ကဲ့သို့ ဖြစ်ပေါ်ကြသည်။

၁။စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်လာသော ဝေဒနာသည် သဟိတ်မနောဝိညာဏ်နှင့်အတူ ဆိုင်ရာ စေတသိက်များ ယှဉ်တွဲ၍ ဖြစ်ပေါ်ကြသည်။ နှလုံးသွင်းအရှုဉာဏ်အလိုက် အမျိုးမျိုးရှုနိုင်သည်။

၂။ဘဝင်အကြည်သို့ ရူပါရုံသည် ဓမ္မာရုံအဖြစ် ကျရောက်သောကြောင့် ဘဝင်အကြည်၌ မောင်လှ၏ ပုံနှင့်တူသော ဓမ္မာရုံပုံရိပ်ပေါ်သည်။

ဤတွင် ဘဝင်အကြည်နှင့် ဓမ္မာရုံပုံရိပ်တို့စွဲ၍ (အကြောင်းခံ၍) ထိုအာရုံကို သိကာမျှသိသော စက္ခုဝိညာဏ်နှင့် အလားတူသော အဟိတ်မနောဝိညာဏ် ဖြစ်ပေါ်လာသည်။ ဘဝင်အကြည်(မန), ဓမ္မာရုံပုံရိပ်, အဟိတ်မနောဝိညာဏ် ထိုသုံးမျိုးတို့ တစ်နေရာတည်းတွင် ဖြစ်ပေါ်နေမှုကို ပုံစံ၌ အပိုင်း(ဃ) အတွင်းအခံခတ်ဖြင့် ဖော်ပြထားပါသည်။ ၎င်းအပိုင်း(ဃ)အောက်ရှိ စက်ဝိုင်းသည် ဟဒယဝတ္ထုကို ရည်ညွှန်း၍ ရေးဆွဲထားပါသည်။ ထိုဟဒယဝတ္ထုအတွင်း စက်ဝိုင်းအတွင်းရှိ ဘဝင်အကြည်၌ ဓမ္မာရုံပုံရိပ်ထင်နေပုံကို အမှတ်(၅)မြှားဖြင့်လည်းကောင်း၊ ထိုဓမ္မာရုံပုံရိပ်နှင့် တထပ်တည်း ကိန်းနေသော အဟိတ်မနောဝိညာဏ်(စက္ခုဝိညာဏ်နှင့်တူသောဝိညာဏ်)ဖြစ်ပုံကို အမှတ်(၆)မြှားဖြင့်လည်းကောင်း ညွှန်ပြ

---

[၁] ဤနေရာတွင် အရှုဉာဏ်စိတ်သည် စက္ခုပသာဒ၌ တထပ်တည်းကိန်းနေသကဲ့သို့ ဖြစ်နေသော နာမ်ရုပ်ကို ပိုင်းခြား၍ မြင်နိုင်ပါ့မလားဟု သံသယဖြစ်ကောင်းဖြစ်ပေလိမ့်မည်။ သံသယမဖြစ်သင့်။ အဘယ်ကြောင့်ဆိုသော် သဟိတ်မနောဝိညာဏ် အမျိုးအစားသည် သဏ္ဌာန်နိမိတ် အရိပ် မရှိသော အသန်တခတ်ကိုပင် ပိုင်းခြား၍ သိမြင်နိုင်စွမ်းရှိသေးလျှင် သဏ္ဌာန်, အရိပ်, နိမိတ် ထင်ရှားရှိသော သန်တခတ်များ ဖြစ်သည့် ယခုဖော်ပြပါ စက္ခုပသာဒ၌ ရုပ်နာမ်ကို ပို၍လွယ်ကူစွာပင် မြင်နိုင်ပါသည်။ တရားကျင့်သော ယောဂီတို့ သတိပြုပါ။

[၂] ထိုအရှုဉာဏ်သည် စက္ခုပသာဒ၏ ပြင်ပရူပါရုံ အပိုင်း(က) ပြင်ပမောင်လှအဆင်းကို ရှုမြင်နိုင်ခြင်းမဟုတ်သည်ကို သတိပြုပါ။ ဤနေရာ၌ စက္ခုပသာဒ၌ ထင်နေသော ရူပါရုံကို ရှုမြင်သည် မဟုတ်ပဲ ပြင်ပအဆင်းသည် ရုပ်တရား၊ အပိုင်း(င) သဟိတ်မနောဝိညာဏ်ကို နာမ်တရားဟူ၍ နာမရူပပရိစ္ဆေဒဉာဏ်ဟု နာမ်ရုပ်ခွဲပြလျက် ထိုနှစ်ခုကို သိခြင်းသည် ဉာဏ်ဟု ယူကာ နာမရူပ ပရိစ္ဆေဒဉာဏ် သတ်မှတ်ခြင်းသည် အမြင်ဉာဏ်မဟုတ်ဘဲ အထင်ဉာဏ်သာဖြစ်သည်။ ဤသဘောကို သတိပြုပါ။

ရေးဆွဲထားပါသည်။ ထိုသုံးမျိုးတို့သည် ဘဝင်အကြည်မှ မူလစက္ခုပသာဒသို့ လျှပ်စီးလက်ဘိသကဲ့သို့ ပြေးညွှတ်သော မနောသမ္ဘသကိုလည်း အမှတ်(၇)ဖြစ်စဉ်မြှားဖြင့် ရေးဆွဲညွှန်ပြထားသည်။

ထို့ကြောင့်ပါဠိတော်၌ **"မနဉ္စ ပဋိစ္စ ဓမ္မေ စ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော"** (မနောသမ္ဘသ)ဟု ရုပ်နာမ်ဖြစ်စဉ်ကို ဟောထားခြင်းဖြစ်ပါသည်။ ဤနေရာတွင် မနအရ– ဘဝင်အကြည်ကို လည်းကောင်း၊ ဓမ္မအရ– ဓမ္မာရုံပုံရိပ်ကိုလည်းကောင်း၊ မနောဝိညာဏ်အရ အဟိတ်မနောဝိညာဏ်ကို လည်းကောင်း ဆိုလိုပါသည်။

အပိုင်း (င) အတွင်းအပေါ်ခာတ် စက်ဝိုင်းမှ အပိုင်း(ဃ) အတွင်းအခံခာတ် စက်ဝိုင်းရှိ အမှတ်(၅)နှင့် အမှတ်(၆)မြှားနှစ်ခုသို့ အစက်ပြမျဉ်း(က)ဖြင့်လည်းကောင်း၊ အပိုင်း(က)အောက်ရှိ အမှတ်(၇)မြှားသို့ အစက်ပြမျဉ်း(ခ)ဖြင့်လည်းကောင်း သရုပ်ဖော်ရေးဆွဲထားခြင်းသည် ဦးသူတော်၏ အရှုဉာဏ် (သဟိတ်မနောဝိညာဏ်)က ရှုမြင်နေပုံကို ရေးဆွဲထားခြင်း ဖြစ်သည်။ ထိုအမှတ်(၇)ဖြစ်စဉ် မနောသမ္ဘသ ဖြစ်ပြီးတိုင်း သဟိတ်မနောဝိညာဏ်နှင့် အတူတကွဖြစ်သော ဝေဒနာက္ခန္ဓာစသော ဆိုင်ရာစေတသိက်များ ဖြစ်ပေါ်လာပါသည်။

စက္ခုသမ္ဘသအကြောင်းခံ၍ သဟိတ်မနောဝိညာဏ်နှင့် ဝေဒနာစသော ဆိုင်ရာစေတသိက်တို့ ဖြစ်၏။ ထို့အတူ မနောသမ္ဘသ ဖြစ်ပေါ်ပြီးတိုင်းလည်း သဟိတ်မနောဝိညာဏ်နှင့် ဝေဒနာစသော ဆိုင်ရာစေတသိက်တို့ ဖြစ်၏။ ထိုသို့ဖြစ်ရာတွင် တပြိုင်တည်း စုပြုံဖြစ်ကြသည်မဟုတ်။ စက္ခုသမ္ဘသ ဖြစ်နေလျှင် မနောသမ္ဘသမဖြစ်၊ မနောသမ္ဘသဖြစ်နေစဉ်လည်း စက္ခုသမ္ဘသမဖြစ်။ ထိုဝေဒနာနှင့် ဆိုင်ရာစိတ်စေတသိက်တို့ ဖြစ်ပေါ်ပုံကို အပိုင်း(င) အတွင်းအပေါ်ခာတ်အဖြစ် ပုံစံရေးဆွဲထားပါသည်။ ထိုသဟိတ်မနောဝိညာဏ်နှင့် အတူတကွဖြစ်သော ဝေဒနာက္ခန္ဓာ ရှုမြင်ပုံကို ရှေး၌ ပုံစံနှင့်တကွ ဖော်ပြခဲ့ပြီးဖြစ်သည်။

ထိုသဘောကို တရားကျင့်သော ယောဂီတို့ ရုပ်နာမ်မြင်တယ်ဟု ဆိုရာ၌ ထင်ယောင်ထင်မှား ရုပ်နာမ်မဖြစ်မိစေရန် မဟာစည်ဆရာတော်ဘုရားကြီးမှ ဟောကြားထားသည်။

**"တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေကို ကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ပြီး** မမြဲ ဆင်းရဲ အနတ္တလို့ သိတိုင်းသိတိုင်း အဲဒီ သိရတဲ့အတိုင်း စသော ရုပ်နာမ်တွေမှာ မြဲတဲ့အနေ ချမ်းသာတဲ့အနေ အတ္တကောင်း အနေဖြင့် အထင်မှား အသိမှားတဲ့ မောဟ အဝိဇ္ဇာ ဖြစ်ခွင့်မရှိပဲ ကင်းငြိမ်းသွားတယ်။"[၃]

ဆရာတော်ဘုရားကြီး ဟောကြားထားသော **တကယ်ဖြစ်ပျက်နေတဲ့ ရုပ်နာမ်တွေ**ဆိုသည်မှာ မြင်ဆဲ၌ မိမိ၏ စက္ခုပသာဒ၌ရှိသော ရူပါရုံ၊ စက္ခုဝိညာဏ်၊ စက္ခုအကြည်၊ စက္ခုသမ္ဘသ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ် စသော ပရမတ်ရုပ်နာမ်များကို မြင်ရမည်ဟု ဆိုလိုခြင်းဖြစ်သည်။ မြင်တတ်သော သဘောကလည်း စင်ကြယ်သော အရှုဉာဏ် မနောဝိညာဏ်ဖြစ်သည်။

အထက်တွင် ပုံစံနှင့်တကွ ဖော်ပြခဲ့သော ရုပ်နာမ်တို့မှာ ပစ္စုပ္ပန်တိုက်ဆိုင်ဆဲ ဗဟိဒ္ဓအာရုံ အကြောင်းခံ၍ စက္ခုပသာဒနှင့် ရူပါရုံကိုစွဲပြီး ဖြစ်ပေါ်လာသော ဓမ္မသဘောသက်သက်နှင့် ထိုရုပ်နာမ်တို့ ဆက်စပ်ဖြစ်စဉ် သက်သက်မျှကို ဖော်ပြထားခြင်းမျှသာ ရှိသေးသည်။

၎င်းရုပ်နာမ်တို့အပေါ်၌ အရှုဉာဏ် သဟိတ်မနောဝိညာဏ်၏ နှလုံးသွင်းအလိုက် ထိုအရှုဉာဏ် သဟိတ်မနောဝိညာဏ်၏ ပြောင်းလဲဖြစ်ပေါ်လာပုံ အမျိုးမျိုးကို ဆက်လက်၍ ဝိပဿနာ ရှုမြင်နိုင်ပုံကို အောက်ပါအတိုင်း ဖော်ပြပါမည်။

**၁။ မြင်မြင်ကာရုပ်နေပုံ၌ ရှုမြင်ပုံ**

ဦးသူတော်၏ တတိယအဆင့် စိတ္တဝိသုဒ္ဓိဖြင့် ပြည့်စုံသော သမာဓိဖြင့် တည်နေစဉ် သားဖြစ်သူမောင်လှသည် ဦးသူတော်ရှေ့သို့ ရောက်လာ၏။ ထိုအခါ ဦးသူတော်၏ အရှုဉာဏ် သဟိတ်မနောဝိညာဏ်သည် ပုံစံပါအတိုင်း ၎င်း၏ စက္ခုပသာဒရှိ ရုပ်နာမ်အစုံမှစ၍ ခြောက်မျိုးသော ရုပ်နာမ်အစုံတို့ ဖြစ်ပေါ်နေသည်ကို ပိုင်းခြားမြင်နေသော်လည်း ထိုအာရုံတို့ကို အဝိဇ္ဇာမာနေနပညတ် (လောကီကာမအမည်ပေးပညတ်)ဖြင့်လည်းကောင်း၊ ပရမတ်နှလုံးသွင်း ဝိဇ္ဇာမာနေနပညတ် (လောကီပရမတ်

---

[၃] မဟာစည်ဆရာတော်၊ "ဗုဒ္ဓသာသနအန္တရာယ်ကာကွယ်ရေးတရားတော်"၊ နှာ–၈၂

အမည်ပေးပညတ်)ဖြင့်လည်းကောင်း သညာမပေးပဲ မြင် မြင်သည့်အတိုင်း ရှုနေသည်။ (ပညတ်နှလုံးသွင်းကို ခိုင်ခံ့စွာ စွန့်လွှတ်ထားနိုင်သော သမာဓိ)

ထိုသို့ရှုနေစဉ် ဦးသူတော်၏ သဟိတ်မနောဝိညာဏ်သည် စက္ခုဝိညာဏ်နှင့် တထပ်တည်းပင် တူညီနေသည် (အဟိတ်မနောဝိညာဏ်နှင့် သဟိတ်မနောဝိညာဏ်တို့ ဂုဏ်သတ္တိ တူနေသည့်သဘော)။ ထိုသဘောကိုလည်း နောက်နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်က ဉာဏ်ဖြင့် ပိုင်းခြားသိနေသည်။ သဘောမှာ သဟိတ်မနောဝိညာဏ်အချင်းချင်း ပြန်ရှုမြင်ခြင်းဖြစ်သည် (စိတ္တာနုပဿနာသတိပဋ္ဌာန်)။ ရှေ့သဟိတ်မနောဝိညာဏ်ကို နောက်သဟိတ်မနောဝိညာဏ်က ရှုခြင်းဖြစ်သည်။ ရှေ့သဟိတ်မနောဝိညာဏ်စိတ်သည် အာရုံကို လက်ခံသိသဘောမျှပင် ဆောင်သောစိတ်ဖြစ်၍ နောက်သဟိတ်မနောဝိညာဏ်စိတ်သည် ပညာဖြင့် ပိုင်းခြားသောစိတ်ဖြစ်သည်။ ရှေ့အရှုခံစိတ်နှင့်အတူ အာရုံကို ခံစားတတ်သည့်သဘော ဝေဒနာကိုလည်း နောက်အရှုဉာဏ် သဟိတ်မနောဝိညာဏ်က ပိုင်းခြားရှုမြင်နိုင်သည်။

ထို မြင်, မြင်ကာမျှ သဘောဆောင်သော သဟိတ်မနောဝိညာဏ်ကို ပိုင်းခြား၍ ရှုသိခြင်းသည် "စိတ္တာနုပဿနာသတိပဋ္ဌာန်" ဖြစ်သည်။ **(ဝီတရာဂံ စိတ္တံ---ဝီတဒေါသံစိတ္တံ---ဝီတမောဟံစိတ္တံ---ပဇာနာတိ)**[၆]

ဝီတရာဂစိတ္တံ = ရာဂကင်းသောစိတ်၊
ဝီတဒေါသစိတ္တံ = ဒေါသကင်းသောစိတ်၊
ဝီတမောဟစိတ္တံ = မောဟကင်းသောစိတ်၊
ရှေ့အရှုခံစိတ်နှင့်အတူ အာရုံကို ခံစားတတ်သည့်သဘော ဝေဒနာကို ပိုင်းခြားရှုမြင်ခြင်းသည် ဝေဒနာနုပဿနာသတိပဋ္ဌာန်။

မြင်မြင်ကာရပ် ရှုသည်ဆိုသည်မှာ သီလ သမာဓိဖြင့် ရပ်ခြင်းဖြစ်သည်။ အရှုဉာဏ် အခိုက်အတန့်၌ တဒင်္ဂရပ်ခြင်းသည် တဒင်္ဂမဂ်စိတ်ဖြင့် ရပ်ခြင်းဟူ၍ မှတ်ပါ။[၇]

---

[၆] မူလပဏ္ဏာသပါဠိ ၁–မူလပရိယာဝဂ္ဂေါ ၁၀–မဟာသတိပဋ္ဌာနသုတ္တံ စိတ္တာနုပဿနာ–၁၁၄ နှာ–၇၆

[၇] ရှေ့စိတ်ကို နောက်စိတ်ဖြင့် လိုက်ရှုတိုင်း စိတ္တာနုပဿနာသတိပဋ္ဌာန်မဟုတ်ကြောင်း သတိပြုပါ။ ယခုအရှုခံ ရှေ့စိတ်သည် ပရမတ်အာရုံ ဖြစ်သည်ကို သတိပြုပါ။